**ABSDF**

All Burma Students' Democratic Front
Australia Branch

## အမေရိကန်ပြည်ထောင်စု၊ နယူးယောက်မြို့ နအဖသံရုံးနှင့် ကုလသမဂ္ဂဌာနချုပ်ရှေ့တွင်

## အစာတော်ခံဆန္ဒပြတိုက်ပွဲဝင်လျက်ရှိကြသော ရဲဘော်၊ ရဲမေအပေါင်းအား ချီးကျူး ဂုဏ်ပြုသဝဏ်လွှာ ပေးပို့ခြင်း။

လေးစားရပါသော အစာတော်ခံဆန္ဒပြတိုက်ပွဲဝင် ရဲဘော်၊ ရဲမေအပေါင်းတို့ –

အမိမြန်မာပြည်လွတ်မြောက်ရေး၊ ငြိမ်းချမ်းရေးအတွက် မိမိတို့၏ကြံ့ကြံ့ခိုင်သောစိတ်ဓါတ်၊ မြင့်မြတ်သော ရည်ရွယ်ချက်၊ မလျှော့သောဇွဲဖြင့် အစာတော်ခံဆန္ဒပြတိုက်ပွဲဝင်နေမှုသည် ယခုအခါ မူလသတ်မှတ်ချက် (၁၈) ရက်ပြည့်မြောက်ပြီးသည့် အပြင်၊ ထပ်မံ၍ (၉)ရက်တိုးမြင့်တိုက်ပွဲဝင်လိုက်သည့် ရဲဘော်၊ ရဲမေတို့၏ သမိုင်းဝင်လှုပ်ရှား ဆောင်ရွက်မှုအား ကျွန်ုပ်တို့ မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (မကဒတ) ဩစတြေးလျဌာနခွဲမှ အထူးချီးကျူးသော ဂုဏ်ပြုသဝဏ်လွှာအား ပေးပို့အပ်ပါသည်။

ဤကဲ့သို့ ရဲဘော်ရဲမေတို့၏ ပြောင်မြောက်သောလုပ်ရပ်သည် မြန်မာပြည် ပြည်တွင်းပြည်ပ ဒီမိုကရေစီအင်အားစုများအား နိုင်ငံတကာအသိုင်းအဝန်းက လေးစားစေရုံသာမက၊ စစ်အာဏာရှင်လက်အောက်မှ လွတ်မြောက်ရေး၊ ဆုံးရှုံးနေသော လူ့အခွင့်အရေးရရှိရေးတို့အတွက် ကုလသမဂ္ဂနှင့် နိုင်ငံတကာ ပြည်သူလူထုအသီးသီးတို့မှ မြန်မာပြည်အရေး ပါဝင်ကူညီဆောင်ရွက်မှုဖြစ်စေရန် အထူးတိုက်တွန်း အထောက်အကူပြုသော လုပ်ဆောင်မှုဖြစ်ကြောင်း၊ မကဒတ (ဩစတြေးလျဌာနခွဲ)မှ တထစ်ချယုံကြည်သည်။

ရဲဘော်၊ ရဲမေအပေါင်းတို့လုပ်ဆောင်လျက်ရှိသော အစာတော်ခံဆန္ဒပြတိုက်ပွဲဝင်မှု၏ အဓိကရည်မှန်းချက်၊ တောင်းဆိုချက်များဖြစ်သည့် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားအားလုံး ချွင်းချက်မရှိ ချက်ခြင်းလွှတ်ပေးရေး၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ စစ်အုပ်စု (နအဖ)အား အမြန်ဆုံးဖိအားပေး အရေးယူဆောင်ရွက်ရန်တို့ကို မကဒတ (ဩစတြေးလျဌာနခွဲ)မှလည်း ထပ်တူထပ်မျှ တောင်းဆိုပါကြောင်း ကြေညာအပ်ပါသည်။

ရဲဘော်၊ ရဲမေအပေါင်းတို့၏ အစာတော်ခံဆန္ဒပြတိုက်ပွဲဝင်မှုအား လေးစားဂုဏ်ပြုပါကြောင်း။

ဒီမိုကရေစီတော်လှန်ရေး အမြန်အောင်မြင်ရမည်။

**အလုပ်အမှုဆောင်အဖွဲ့**

**မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (မကဒတ) (ဩစတြေးလျဌာနခွဲ)**

နေ့စွဲ။ ။ (၂၃)ရက်၊ စက်တင်ဘာလ၊ ၂၀၀၆ခုနှစ်။



**PO Box 129, Springvale VIC 3171 Australia**

**Email: absdf@unwired.com.au**